နောင်ဒိုင်း မသ၊ <naun dain:> 古代在鼓楼里敲响的钟声和鼓声

နောင်နင် မသ၊ <naun nin> 叮叮当当： ဆည်းလည်းသံ ～ ～ ကြားရသည်။ 听到风铃叮当作响。

နောင်နင်ခတ် က၊ <naun nin khat> （前后左右）来回晃动

နောင်နောင် မသ၊ <naun naun> 当当（铃声）

နောင်ရေး န၊ <naun yei:> ①将来发生的事 ②前途，远景

နောင်လာနောက်ဖွား န၊ <naun la naut phwa:> = နောင်လာနောက်သား

နောင်လာနောက်သား န၊ <naun la naut tha:> 后辈，子孙后代

နိုင် I က၊ <nain> ①胜利，赢：သုံးဂိုးတဂိုးဖြင့် ～ လိုက်သည်။ （足球）以三比一获胜。②胜任，有…能力，谙练，谙熟：ဒီအလုပ်ကိုသူတဦးတည်း ～ မှာမဟုတ်ဘူး။ 这个工作他一个人无法胜任。/ မြင်းစီးရာ၌ ～ လှသည်။ 非常善于骑马。③制服，制伏：သလိပ်ကို ～ သောဆေး 祛痰药 / လှေကပိုဘက်သည်ဘက်ယိမ်းချင်သည်၊လှေပေါ်ပါလာသူများကလှေကိုမ ～ ချေ။ 船开始摇晃起来，船上的人无法制止住。/ သူ့ကိုသူ့မိန်းမကသိပ် ～ တာပဲ။ 他的老婆能制伏他。④丰富，过多，富裕：ဆီ ～ တယ်။ （食品中）油多。⑤放在副词后一般表示“真能”，“真会”，“真是”：သူတို့နှစ်ဦးပြောဆိုနေကြသည်မှာအေးအေးဆေးဆေး ～ လှသည်။ 他们两个人讲话真够慢条斯理的。/ အင်မတန်ကိုသွေးရူးသွေးတန်း ～ လှပါတယ်။ 真够疯狂的。 II ကထ၊ <nain> 能，能够，可以：ကုန်အလေးချိန်၅တန်တင် ～ တဲ့မော်တော်ကား 能载重五吨的卡车。/ အလုပ်ပြီးယင်အိမ်ပြန် ～ သလား။ 工作结束，可以回家吗？ III မ၊ <nain> ……力所能及的：နို့စားနွားမများကိုမိသားစုတ ～ မွေးမြူကြသည်။ 按一家人的能力饲养奶牛。

နိုင်ကွက် န၊ <nain gwet> 胜利的机会：သူ၏အမေ့မခံနိုင်မှုသည်ပင်လျှင်ဟုမ်းအဖို့ ～ ဖြစ်လေသည်။ 他缺乏耐力给霍姆造成了胜利的机会。

နိုင်ချက် န၊ <nain gyet> 获胜情况：၅ဂိုးဂိုးမရှိဖြင့်နိုင်လိုက်ရာ ～ ကောင်းလှသည်။ （在足球赛中）以五比零大胜。

နိုင်ချင်ကြက် န၊ <nain gyin kyet> 好斗的鸡

နိုင်ခြေ န၊ <nain gyei> 取胜的条件，胜利的可能：～ ရှိလျက်သားနှင့်ရှုံးသွားသည်။ 明明有胜利的可能，但却输掉了。

နိုင်ဂျာ န၊ <nain gya> 尼日尔

နိုင်ဂျီးရီးယား န၊ <nain gyi: ri: ya:> 尼日利亚

နိုင်ငံ န၊ <nain gan/nain ngan> ①国家：～ ကြီးစိတ် 大国情绪 / ～ ကြီးလူမျိုးရေးဝါဒ 大国沙文主义。/ ～ ကြီးဝါဒ 大国主义 / ～ ချစ်ပုဂ္ဂိုလ် 爱国人士 / ～ ချစ်ဝါဒ爱国主义 / ～ စုံမိသားစု 国际大家庭 / ～ ဖြစ်ပစ္စည်း 国货 / ～ ဖွဲ့စည်းပုံစနစ် 国家体制 / ～ ရောင်းစားသူ 卖国贼 / ～ ရပ်ခြား国外 / ～ ဝင်ခွင့်လက်မှတ် 入境签证 ②（喻）界，范围，领域：လောဘ ～【佛】欲界

နိုင်ငံကူးလက်မှတ် န၊ <nain gan gu: let hmat> 护照

နိုင်ငံကျပ် န၊ <nain ngan kyat> 缓冲国，也称တိုင်းကျပ်၊တိုင်းကျပ်နိုင်ငံ

နိုင်ငံချဲ့ဝါဒ န၊ <nain gan khye′ wa da′> 扩张主义


နိုင်ငံခြား န၊ <nain gan gya:> 外国：～ ကုန်သွယ်မှု 对外贸易 / ～ စီရင်ပိုင်ခွင့်အာဏာ 领事裁判权 / ～ ဆက်သွယ်ရေး 外交，对外联络 / ～ ဈေးကွက် 国外市场 / ～ ဆက်ဆံရေး 国际关系 / ～ လူမျိုး 外国人 / ～ သား 外国人，外侨，侨民 / ～ သားမှတ်ပုံတင်လက်မှတ် 外侨登记证 / ～ သံရုံး 外国使馆 / ～ သံအဖွဲ့ 外交使团 / ～ သုံးငွေ 外汇，外币 / ～ အထောက်အပံ့ 外援 / ～ ငွေ 外币，外汇 / ～ ငွေခိုးထုတ်မှု 套外汇 / ～ ငွေရင်း 外国资本 / ～ ငွေလဲလှယ်နှုန်း 外汇兑换率 / ～ ငွေလဲလှယ်ရေး 外汇兑换

နိုင်ငံခြားရေး န၊ <nain gan gya: yei:> 外交：～ ပေါ်လစီ 外交政策 / ～ ရာ 外交事务 / ～ ရုံး 外交部 / ～ ဝါဒ 外交政策 / ～ ဝန်ကြီး 外交部长 / ～ ဝန်ကြီးဌာန 外交部

နိုင်ငံတကာ န၊ <nain gan d-ga> 国际：～ ဆက်ဆံရေး 国际关系 / ～ ပြဿနာ 国际问题 / ～ ရေးရာ 国际事务 / ～ အငြင်းပွားမှု 国际争端 / ～အခြေအနေ 国际形势

နိုင်ငံတော် န၊ <nain gan daw> 国家：～ကောင်စီ 国务院，国务委员会 / ～ စာကြည့်တိုက် 国立图书馆 / ～ စီးပွားရေး 国民经济 / ～ စီးပွားရေးစီမံကိန်း 国民经济计划 / ～ စီးပွားရေးသတင်း 国家经济情报 / ～ တရားဝန်ကြီးချုပ် 最高法院院长 / ～ တည်ထောင်ပုံ 国体 / ～ ပစ္စည်း 国家资财 / ～ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ 宪法 / ～ သာသနာ 国教 / ～ ရသုံးခန့်မှန်းခြေငွေစာရင်း 国家财政预算 / ～ ရှေ့နေချုပ် 首席检查官 / ～ သီချင်း 国歌 / ～ သက်သေ 官方证人，自首者 / ～ အရေး 国事 / ～ အလံ 国旗 / ～ အာဏာ 政权 / ～ ဦးသျှောင်အဖွဲ့ 最高国务委员会 / ～ အထိမ်းအမှတ်တံဆိပ် 国徽

နိုင်ငံပိုင် န၊ <nain gan bain> 国有，国营：～ စီးပွားရေး 国营经济 / ～ စိုက်ကွင်း 国营农场



ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ